ဒီနေ့မြန်မာမှာတော့သူတွေ ကျွန်တော့်ဆီလာပြီး အလှူငွေ လာတောင်းကြတယ်၊ အလှူငွေလာပေးပါ ခင်ဗျားတို့ မိတ်ဆွေကော ဘီလီယံပေးတတ် သန်းပေါင်း ဘယ်နှစ်ထောင်နဲ့ လုပ်နေတာ - - အလှူငွေလာပေးပါ။ ကျွန်တော် ပြောတယ်၊ ခင်ဗျားတို့ ဆုတောင်းပါ၊ ကျွန်တော်ပိုင်တဲ့ငွေမရှိတော့ဘူး၊ ကျွန်တော် တာဘုရားသခင်ရဲ့ဘဏ္ဍာထိန်းထဲမှာနေဘုရားသခင် ကျွန်တော့်ကို အပ်နှံထားတဲ့ ငွေသာ၊ ဘုရား သိ တောင်းပါ၊ ဘုရား၊ ဆိုပြလို့ တိုင်းသိမ်းရေးပါပေးမယ်၊ အားလုံးပေးမှာသာ။

အခုနပြောတဲ့ အကြောင်းပြန်ဆက်ရရင်အဲဒီကွာရည်ကို တောင်းတောင်း သိုဝှက်ထိုက်တယ်။ သူတို့လည်း သဘောကျကြတယ်၊ ကနေ့အထိ တစ်ပိုရှိ တယ်။ ဒီနေ့ထဲ ဆက်လက်ပြီး သူတို့ထံ ပို့နေပါတယ်။ ကျွန်တော်တို့ ထက် လုပ်ရင်း (၂) နှစ် (၃) နှစ်ပေါ်တာပြီ၊ ပြည်သူလူထုက အကုန်လုံးသိတော့ အကုန်လုံး ပေါ်လာတော့ ကျွန်တော်မဖော်တော့ဘူး။ အခုတော့ပြန်ပါးဖော်ပြီးတော့ သုံး-လေးနှစ်လောက်ကြာတော့ ကျွန်တော်မပေါ်တော့ဘူး။ သူများအားလုံးလုပ် တော့၊ ကျွန်တော်မလုပ်တော့ဘူး။

**အသေးစားလေးတွေကောက်တာမျိုး**

နောက်ထပ်လုပ်ချင်တာက ဘုရားသခင်ကိုမေးပြီးတယ်။ ဘုရား ထံမှာထပ်ဆုတောင်းတယ်၊ ကိုယ်တော်နောက်ထပ်တစ်မျိုးတော့ထပ်ပေးပါဦး၊ ကိုယ်တော်ကိုဆုတောင်းတယ်။ ဆုတောင်းတဲ့အခါ ဘုရားသခင်ဟာ ဘယ်လောက် အံ့ဩစရာကောင်းသလဲဆိုတော့အခါ လူမျိုးတာတော့ရွာမှာနေတယ်၊ တခြေကြ တော့အခါ လူမျိုးအများကြီး၊ ၂ယောက်-၃ယောက်ဟာ အသေးလေးတမျိုးလေး ပြီး ဈေးမှာလိုက်ရောင်းတယ်၊ စားလို့လည်းရတယ်၊ ဒါပေမဲ့အရောင်ကာစပ်ရှိန်း ဖမ်းမြိုင်ဖြစ်တယ် အဲဒီနဲ့ ကျွန်တော်ကြည့်လိုက်တဲ့အခါ ဒေရှ်ဘယ်ဈေးမှာထိတဲ့ တရုတ်နိုင်ငံမှာ အပ်ပက်နားမည်ကြီးတဲ့ တန်ဖိုးကြီးတဲ့ဆေးဘဲဆိုတာ ကျွန်တော် သိလိုက်တယ်၊ သူတို့ကိုမေးကြည့်တယ်။ ဒီပစ္စည်းတွေဘာလုပ်ကြရလဲ၊ ရွာအနီး



အနားမှာသူတာလှူသတ္တဝါနဲ့တာအားပေးကြတာဘဲတဲ့၊ အဲဒီနဲ့ ကျွန်တော်ရွာကိုသွား ပြီးတော့ ရွာသူရွာသားတွေနဲ့ ဘုရားကိုရှိုးတယ်၊ ယေရှုခရစ်တော်အကြောင်းကို သက်သေခံတယ်၊ သူတို့နဲ့ မိတ်ဆွေဖွဲ့တယ်၊ သူတို့ကိုလည်း၊ လုပ်ငန်းပိုင်း ဆိုင်ရာရော အားလုံးလမ်းပြပေးတယ်၊ ခုနပြောတဲ့အသီးကိုလည်း ကျွန်တော် တို့စတင်ဝယ်ပြီးတော့ အမြတ်ကြီးကြီးရတယ်၊ တရုတ်နိုင်ငံအထိ တင်ပို့ရောင်းရတယ်၊ ဒီနေ့အထိ အင်မတန်နာမည်ကြီးတဲ့ တရုတ်ဘာသာဆေးမှာပါဝင်တဲ့ဆေးဖြစ်ပါ တယ်။

ဒီလုပ်ငန်းတွေလုပ်ကိုင်ရတာ ပိုက်ဆံများများလာဆိုတော့ ရတယ်၊ ဒါပေမဲ့ ကျွန်တော်ဘုရားသခင်ကိုပြောတယ်၊ကိုယ်တော် - ဒီလောက်နဲ့မပြည့်သေး ဘူး ၊ ကိုယ်တော်ရှင်ဘုရားရဲ့ ဘုန်းတော်၊ တန်ခိုးတော်၊ နာမတော်သည် မြန်မာ နိုင်ငံမှာ ကျွန်တော်တို့ကို မြင်တာနဲ့ ဟမြင်ထဲ မယုံကြည်သောလူများမြင်ပြီးအား ဖြင့် ယုံကြည်လာအောင်၊ ယုံကြည်သောသူများ ခြင်းခြင်းအားဖြင့် ခွန်အားရလာအောင် ကျွန်တော်လျှောက်ပါတယ် " လို့ ကိုယ်တော်အဲဒီလောက်အထိ ကျွန်တော်တို့ကို ချီးမြှောက်ပါ၊ မြင်သာပေးပါ၊ ရှိလာတဲ့ငွေ ကြေး မှန်သမျှလည်း ကိုယ်တော် ရှင်ဘုရားရဲ့ အမှုတော်မြတ်မှာ ပါဝင်ခဲ့တွေကြောင်း လိုလင်မယား (၂)ယောက်လုံး ဆက်ကပ်ဆုတောင်းပါတယ်။ အဲဒီလိုဆုတောင်းရင်းနဲ့ လုပ်ငန်းပိုင်းဆိုင်ရာ ပေါ်ထွက်တယ်၊ အဲဒီအသေးလည်း တိုးတက်လာတယ်၊ ဖွံ့ဖြိုးလာတယ်၊ ကျွန်တော် တို့လည်း ငွေ ကြေး ပြောက်များစွာရလာပါတယ်။

**ဘုရားကျောင်းဆောက်လုပ်မှု**

ရလာတဲ့ငွေကြေးထဲမှ မိမိ မိသားစုရဲ့ တာဝန်ဝတ္တရားနဲ့ နေထိုင်ရေး အတွက်လောက်တဲ့ပမာ။ ကျန်တဲ့ငွေကို အဲဒီအသင်းတော်မှာ လည်းပါဝင်ပါတယ်၊ ကျွန်တော်ဆိုရင် အဲဒီအချိန်က တာချီလိတ်မှာ ကျွန်တော်ရဲ့ အိမ်မဆောက်သေး ပါဘူး။ တာချီလိတ်ဘုရားကျောင်းလိုတယ်လို့ ကျွန်တော်တို့မြင်တဲ့အခါ ကျွန်တော် တို့ သစ်လုပ်ငန်းလုပ်နေရင်းနဲ့ ရရှိလာတဲ့ငွေ ကြေး မှန်သမျှကို ပုံအောပြီးတော့

မှ တာချီလိတ်နှစ်ခြင်းဘုရားကျောင်းဆောက်လိုက်တယ် ကျွန်တော့်အိမ် ကျွန်တော် မဆောက်သေးပါဘူး။ ဒါပေမဲ့ ကျွန်တော်အရင်ဆုံး ဘုရားကျောင်းဆောက်လိုက်တယ်၊ ဘာကြောင့်လဲဆိုတော့ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်တရားမှာပါတယ်။ ကျွန်တော်တို့ မိနေ့ဘုရားသခင်ရဲ့နောက်လိုက်တွေက ဘာဖြစ်လို့ဆင်းရဲလဲဆိုတော့ ဘုရားသခင်ရဲ့ အိမ်တော်ဟာ ပျက်ပြတ်နေတယ်၊ အဲဒီကြောင့် မိလူတွေကို ဘုရားသခင်ကချမ်းသာမနိုင်ဘာ၊ ဒါကြောင့် မိလူတွေကို ဘုရားသခင်က ဆင်းရဲနိုင်းတာ၊ ဒါကြောင့်မိလူတွေကို ဘုရားသခင်က ဒုက္ခရောက်စေတာတဲ့၊ တစ်ခွဲကျမ်းမှာ ဖတ်ကြည့်ပါ တစ်ခွဲကျမ်းမှာပါပါတယ်၊ ကျွန်တော်အဲဒီကျမ်းပိုဒ်ကို ဖတ်လိုက်တဲ့အခါ အင်မတန်ခွန်အားရတယ်။ ဟာ၊ – ဒီလိုရင်မဖြစ်ဘူး။ မိနေ့တာချီလိတ်နှစ်ခြင်း ဘုရားကျောင်းတော်ရဲ့ အိမ်တော်ဟာ ပြိုပျက်နေတယ်၊ အက်နေပြီ၊ ကွဲနေပြီ။

မိုးရွာရင် ရေတွေဝင်ပြီ၊ ပိုက်ဆံရှိတဲ့လူက အိမ်မှာပန်ကာနဲ့အိပ်မိနေ့ အားလုံးရှိကြပါတယ်၊ ဒါပေမဲ့ ကျွန်တော်အဲဒီကျမ်းပိုဒ်ဖတ်မိတဲ့အခါ ကျွန်တော်က တောင်းပြီ၊ တာချီလိတ်နှစ်ခြင်းဘုရားကျောင်းကို ကျွန်တော်တို့တာဝန်ယူမယ်ဆိုပြီး ရှိသမျှငွေနဲ့ အဲဒီဘုရားကျောင်းကိုဆောက်တယ်။ ဆောက်လိုက်တဲ့အခါ ဘုရား တလည်း အံ့ဩစရာဖြစ်ပြီးလမ်းဖွင့်ပေးတယ်၊

**<u>မစ္စတာချွန်း</u>**

ကျွန်တော်တာ ထိုင်း နိုင်ငံမှာရှိတဲ့ မစ္စတာချွန်းနဲ့တွေ့ခဲ့ပါတယ် မစ္စတာချွန်းက သူ့ရဲ့လုပ်ငန်းမှာ ပါဝင်ကူညီလုပ်ကိုင်ဖို့ လူ(၄)ယောက်ကိုခေါ်ပါတယ်။ (၄)ယောက်တာခေါ်တဲ့အခါ (၄)ယောက်လုံးကလူယုံတွေပါတဲ့၊ အားလုံး သူ့ရဲ့လုပ်ငန်းမှာပါဝင်တဲ့အခါ ကျွန်တော့်အနေနဲ့ အမြဲတမ်းနှုတ်ကပတ်တော်မှာ သွန်သင်တဲ့အတိုင်း ကျွန်တော်ယုံကြည်လိုက်လျှောက်တယ်။ နှုတ်ကပတ်တော်ထဲမှာ သူတပါးဆီမှာအလုပ်လုပ်ရင် သေးငယ်တဲ့အမှုအရာတခု သစ္စာရှိရမယ်၊ ကိုယ့်ရဲ့လုပ်ငန်းရှင်အပေါ်မှာ သစ္စာရှိရမယ်၊ ဆိုတဲ့အတိုင်း ကျွန်တော်သူ့ရဲ့လုပ်ငန်း



မှန်သမျှကို သစ္စာရှိစွာဆောင်ရွက်ပါတယ်၊ သူပိုင်သမျှလုပ်ငန်းများကို ကျွန်တော် တယောက်ထဲပိုင်ပြီးစီးဆောင်တော့ရွက်တယ်၊ အမှားအယွင်းမရှိအောင်ထိန်းသိမ်းခဲ့ပါတယ်၊

အဲဒီကြောင့်လည်း ကျွန်တော်ဟာ သူ့ရဲ့စီးပွားရေးလုပ်ငန်း။ သူ့ရဲ့ ငွေကြေးလုပ်ငန်းမှာ သူ့ရဲ့နယ်စပ်ဒေသတခု လုပ်ငန်းတွေမှာပါ ကျွန်တော်ပါဝင်ပြီး ဆောင်ရွက်တယ်၊ အဲဒီလိုဆောင်ရွက်တဲ့အခါ အမြဲ။ အမြဲပြောသောလူဆိုရင်တော့ သူကလေးစနဲ့ ပေးပါတယ်၊ အလုပ်စဝင်တုန်းက ကျွန်တော့်ကိုပေးတယ် လခဘယ်လောက်ယူမလဲတဲ့၊ ကျွန်တော်သူ့ကိုပြောတယ်၊ စရာကျွန်တော့်ကိုသုံးကြည့်ပါ၊ ကျွန်တော့်အနေနဲ့ လခတွေမပြောပါရစေနဲ့ ကျွန်တော်လုပ်တဲ့ လုပ်ငန်းအပေါ်မှာ အကျိုးပြီးတော့ လေ့လာရေးနဲ့ ကျွန်တော့်ကိုပေးရင် ကျွန်တော်ကျေနပ်ပါတယ်ဆိုတော့ ကျွန်တော်လုပ်ဆောင်သမျှ လုပ်ငန်းအပေါ်မှာ သူကကြည့်လာတယ်၊ ကျွန်တော်အမြဲတန်းဘုရားသခင်ကို ရှာဖွေတယ်၊ ကိုယ်တော်၊ ကိုယ်တော်တာ အသက်ရှင်တဲ့ဘုရားဖြစ်ပါတယ်၊ ကျွန်တော့်ကို အလုပ်ပြုံးဆင်ပေးတာလဲ ကိုယ်တော်ဘဲဖြစ်ပါတယ်။ ကျွန်တော်လဲ သစ္စာရှိစွာလုပ်ပါမယ်၊ ကိုယ်တော်ရဲ့ သုံးတော်၊ တန်ခိုးတော်၊ နာမတော်ထင်ရှားနိုင်ဖို့ရန်အတွက် အလုပ်လုပ်တဲ့အခါ ကိုယ်တော်ရဲ့ ကျေးဇူး ကျွန်တော်မျိုးကိုလည်း ချီးမြှောက်တော်မူပါလို့ ဆက်ကာဆုတောင်းတယ်၊

သူပိုင်သမျှလုပ်ငန်းကို မြန်မာနိုင်ငံမှာရော၊ ခြားနိုင်ငံမှာပါ အားလုံးတယောက်ထဲ ကျွန်တော်ဆောင်ရွက်ပေးပါတယ်၊ သစ္စာရှိစွာနဲ့ဆောင်ရွက်ပေးတယ်၊ အဲဒီလိုဆောင်ရွက်တဲ့အခါ သူကျွန်တော့်ကို ဘာပြောသလဲဆိုတော့ ငါ့ရဲ့တာ လခနဲ့ မဟုတ်ဘူးတဲ့ ဝင်ငွေနဲ့ ကျွန်တော်ဟာ Partner တဲ့ ကျွန်တော်ဝင်ငွေကိုရှယ်ယာ (Share) ခွဲပေးမယ်၊ Profit – Sharing တဲ့ အဲဒီအချိန်တုန်းက အဆောက်အဦးလုပ်ငန်း (Construction) ထဲရောက်ရှိပါတယ်၊ အဲဒီကစပြီးတော့ သူကျွန်တော့်ကို Profit Sharing အနေနဲ့ ထွက်လာ

သမျှ အမြတ်အစပါမှာရော၊ ကုန်ကြမ်းအပေါ်မှာပါ ဘုရားရှင်တော်ကို အမြတ်အစွန်း ပေးတဲ့အခါ ကျွန်တော်တိုက်ကံကြီးကြီးကျယ်ကျယ်ရလာပါတယ်။ ချမ်းသာရေးသော လာပါတယ်။

အဲဒီငွေကြေးတွေနဲ့ဘဲ၊ ကျွန်တော်ဘုရားသခင်ရဲ့လုပ်ငန်းမှာ ပါဝင် ပါတယ်။ ကျွန်တော် ဘုရားသခင် ရဲ့လုပ်ငန်းမှာပါဝင်တဲ့အခါ ဆယ်ဘိုးတဘိုး ပေးပါ ဘူး။ ဆယ်ဘိုးသုံးဘိုးနှစ်ဘိုးချယ်မှန်းတော့ ကျွန်တော်မမှတ်မိပါဘူး။ ဟုနစ်တစ်ခုမှာ သန်းပေါင်းရာနဲ့ချီပြီးတော့ ကျွန်တော်ဘုရားသခင်ရဲ့လုပ်ငန်းမှာပါဝင်ပါတယ်။ ဘုရားသခင်လုပ်ငန်းကိုအဲဒီလိုပါဝင်လေလေ ဘုရားသခင်က ကောင်းကြီးပေး လေလေဘဲဆိုတာ ကျွန်တော်လက်တွေ့ခံစားရပါတယ်။

**ခမေလာဒါးအေဒရှားခြင်း**

မစွတာမျှမ်းနဲ့ ကျွန်တော်ဟာ လုပ်ငန်းများကို ရေး – ဆီ – ဖြုတ်နစ်လောက် အတူတူလုပ်ကိုင်တဲ့အခါမှာ ရန်ကုန်မြို့မှာ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းလုပ်ရောင်းဖို့ဘုရားရှင် ကျွန်တော့်ကို ဖေါ်ပြပါတယ်။ မိမိရဲ့လူမျိုး မိမိရဲ့ နိုင်ငံ တိုးတက်ဖွံ့ဖြိုးအောင်လုပ်ဖို့ဖွံ့နိုင်ဖြစ်ကြောင်းဘုရားသခင်ကျွန်တော့်ကိုဖေါ် ပြပါတယ်။ အဲဒီနဲ့ ကျွန်တော်ရန်ကုန်မှာ ခမေလာဒါး Trading စတင်ဖွင့်လှစ် ပါတယ်။ ဖွင့်လှစ်တဲ့အခါ ကျွန်တော့်ရဲ့ညီဖြစ်သူ ညီနှစ်ယောက်ပါပါတယ်။ ဦးဆိုတော့ ပထမပိုင်းတွေ့လိုက်တယ်၊ အဘလေးဆီပြန်သွားတယ်၊ အဘ ကြောင့်အိမ်ပြန်သွားပါဆိုတော့ ကိုယ်ဟိုမှာ သွားဆုတောင်းနေတာ၊ ကျွန်တော့် ရဲ့လုပ်ငန်းတွေလုပ်သင့် မလုပ်သင့် တော်တော်ကြာကြာ ဆုတောင်းတယ်၊ ဆုတောင်း ပြီး အဖြေရတဲ့အခါမှာ ယုတ္တမြန်ရောက်လာပါတယ်၊ အဲဒီနဲ့ဘဲ ဒီနေ့အထိ ကျွန် တော်ရဲ့လုပ်ငန်းမှာ လက်တွဲဆောင်ရွက်နေပါတယ်။

ဒေါ်ခင်သန်းဌေးကတော့ ရောက်ရောက်ခြင်း ကျွန်တော် ကြည့်တော့ ပါမှာ သမ္မတိတ်လေးနဲ့ငွေ (၁၅၀၀) နဲ့စခန်းပါတယ်၊ အခုတော့ သန်းချီရှိပါတယ်။ အဲဒီလိုသတ္တိရှိတဲ့မှီခိုမှုတွေ ဘုရားသခင်အပြီးတင်နှိုးပြောင်းလဲပါတယ်။



ရန်ကုန်မှာပြီးတော့ စီးပွားရေးလုပ်ငန်းဖြစ်တဲ့ Trading လုပ်ငန်းတွေ၊ သွင်း ကုန်ထုတ်ကုန်လုပ်ငန်းတွေ၊ စတင်ပြီး လုပ်ကိုင်ပါတယ်။ ခမေလာဒါး Trading လုပ်ကိုင်နေရင်းနဲ့ ဘုရား ရဲ့ကျေးဇူးတော်ကြောင့် အခက်လုပ်ငန်းကို လုပ်ပါဆိုတဲ့ ဝေါ်ပြ ချက်တိုက်ရတယ်၊ ရတဲ့အခါမှာလည်း ဘုရားရှင်ကိုဆုတောင်းတယ်၊ ကိုယ်တော် — ကိုယ်တော်ရဲ့ ကတိတော်ရှိပါတယ်။ အဲဒီလုပ်လုပ်ကျွန်တော်ယုံကြည်သူဟာ ထိပ်ကာထဲနေရမှာဘဲ၊ သူများသေက်သာကိုသာ ရမှာဘဲ၊ ကိုယ်တော်ဟာအဲဒီကတိရှင်တဲ့ ဘုရား ဖြစ်ပါတယ်။ ကိုယ်တော်ကျွန်တော့်ကို ဆက်ပြီးတော့ ကောင်းကြီးပေး သနားတော်မူပါ၊ အခက်တွေ့ရှိတယ်၊ ဖွင့်တဲ့အခါမှာလည်း အောင်မြင်မှုအပြည့်အဝ ရတယ်။ ကျွန်တော်တို့နဲ့ ပြည်တွင်းအခက်လုပ်ငန်းအကဲ့ (၁၁)ခုမှာပြီးတော့ ပြည်ပအခက်လုပ်ငန်းအကဲ့ (၅)ခုအထိဖွင့်ပြီး ဆောင်ရွက်နိုင်ခဲ့ပါတယ်၊ မြန်မာနိုင်ငံ မှာ ပထမဦးဆုံးသော ATM စက်တွေ၊ ဒီစက်တွေဟာ အခပေးတန်စက်ခဲပါ တယ်။ ရင်းနှီးမြှုပ်နှံငွေဟာလည်း၊ ဒေါ်လာသန်းနဲ့ချီပြီးတော့ ရင်းနှီးရတယ်၊ ဒီတွေဟာ လက်ထဲမှာ ငွေအဆင်သင့်ရှိနေလို့လုပ်တာမဟုတ်ပါဘူး၊ ယုံကြည် ခြင်းနဲ့ဖြစ်ပါတယ်၊ ဒီနေ့အထိ သန်းပေါင်း (၅)ထောင် သန်းပေါင်းသုံးထောင်နဲ့ လုပ်တယ်ဆိုတာ လက်ထဲမှာ အဆင်သင့်ရှိနေလို့လုပ်တာမဟုတ်ပါဘူး ယုံကြည် မှုအပြည့်အဝနဲ့ လုပ်တာဖြစ်ပါတယ်။ ဒီ Project သန်းပေါင်း (၅)ထောင် ကုန် မယ်၊ ကိုယ်တော် – – ကိုယ်တော်အလိုရှိရင်လုပ်မယ်လို့ဆက်ကပ်ပြီးတော့ ဘုရားရှင်ဆီက ထိတ်ကျကျနဲ့ ဝေါ်ပြချက်ရပြီးမှ ဒီ Project ကိုလုပ်ပါတယ်။ အောင်မြင်တယ်၊ လိုအပ်တဲ့ငွေကြေးကို ကျွန်တော်တို့ရပါတယ်။

**ဘုရားရှင်ထံဆုတောင်းပြီးမှငွေတောင်း**

ယခုစတ်ရှုနေတဲ့ ညီအစ်ကိုမောင်နှမတွေလည်း၊ အလားတူဘဲ ကျွန်တော်ဟာကိုတိုက်တွန်းခြင်သလဲဆိုတော့၊ မိမိစီးပွားရေးလုပ်ငန်း တစ်ခုခုလုပ် တော့မယ်ဆိုရင်အရင်ဆုံးဘုရားသခင်ကိုဆက်ကပ်ဆုတောင်းပါ၊ ဘုရားသခင်ဆီက ထိကျတဲ့အဖြေနဲ့ စတင်လုပ်ဆောင်ပါ၊ ဘုရားရှင်ခွင့်ပြုတဲ့အလုပ်ဆိုရင်တော့ လုပ်

သာလုပ်ပါ့ မအောင်မြင်ရေးအကြောင်းမရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင် ပါတာကိုး၊ ကျွန်တော်လည်း၊ အဲဒီလိုဘဲ ဘဏ်လုပ်ငန်းကိုစတင်ခဲ့တဲ့အခါ ကိုယ် ကျွမ်းကျင်လို့မဟုတ်ဘူး။ ဘဏ်လုပ်ငန်းမှာ ကျွန်တော် ဘာမှနားမလည်ပါဘူး၊ အဲဒီမှာ ကိုယ်တော် - - ကိုယ်တော်ဟာ အသက်ရှင်တဲ့ဘုရား၊ ခရစ်တော်ကို ဝန်ဆောင်တဲ့ဘုရား၊ ကိုယ်တော်နားမလည်နိုင်တဲ့အရာတခုမှမရှိပါဘူး။ ကိုယ်တော် ဟာ အရာခပ်သိမ်းကို သိတော်မူတဲ့ဘုရား ဖြစ်ပါတယ်။ ကျွန်တော်ဒီလုပ်ငန်းလုပ် တဲ့အခါ ကိုယ်တော်ကဦးစီးဦးဆောင်လုပ်ပါ။ ကျွန်တော်က တံဆိပ်သာအဖြစ်ခံ ပါမယ်လို့ပြုခဲ့ပါတယ်၊ ဒီဘဏ်လုပ်ငန်းမှာလည်း အောင်မြင်မှုကိုပေးခဲ့လို့ ထောမနာ ဆက်ဟက်ထားတဲ့အတိုင်း အံ့ဩဖွယ်အောင်မြင်မှုကို ဘုရား ပေးပါတယ်။ ဒီနေ့ ကျွန်တော်တို့ ဘဏ်လုပ်ငန်းမှာ ငွေအပ်နှံမှုကိုတော်တော်နဲ့ တသောင်းနီးပါးလောက် လုပ်ကိုင်နေရတဲ့အခြေအနေထိ ဘုရားသခင်ကောင်းကြီးပေးပါတယ်။

ယခုလည်းကျေးဇူးတော်ထဲမှာပါတယ်၊ ရှေ့ကလည်း ဘုရားသခင်ပိုင်တာဘဲ၊ နောက်လည်း ဘုရားသခင်ပိုင်တာဘဲ။ ကျွန်တော်တို့ ဘုရားသခင်ဆီဆက်ကပ်ရ တော်ပြီး လုပ်ငန်းလုပ်ရင် ဘုရားရှင်ကကောင်းကြီးပေးမှာဖြစ်ပါတယ်၊ ဗက်ရို လုပ်ငန်းလည်း အလားတူဘဲ ချီးမြှင့်ရတော်မူပါတယ်၊ ကျွန်တော်ဘုရားရှင်ကို ဆုတောင်းတယ် ကိုယ်တော် - မြန်မာနိုင်ငံမှာတော့ ကုန်ထုတ်လုပ်တာကို နိုင်ငံတော်အစိုးရနဲ့ အသေးစိတ် ကုန်ကြမ်းကို နိုင်ငံခြားသို့ တင်ပို့တာကို အားပေး တော့ပါဘူး၊ ပြည်တွင်းမှာ လုပ်ငန်းပိုမိုအဆင်ပြေရောင်းဝယ်ရေးနဲ့၊ ပြည်သူလူထု အလုပ်ရှိစေရေး မိမိထုတ်လုပ်တဲ့ကုန်အပေါ်မှာ ကြီးအကျိုးခံစားနိုင်ဖို့အတွက် နိုင်ငံတော်ကနေ ကျွန်တော်တို့ကိုလမ်းညွှန်ချက်ပေးလိုက်တဲ့အခါ - ကိုယ်တော် သစ်လုပ်ငန်းလုပ်လို့မရတော့ဘူး၊ အရင်၊ အရင် တုန်းကတော့ မြန်မာ့သစ်လုပ်ငန်း ဆိုတာသစ်ကိုသယ်ပြီးရောင်း၊ ထုတ်သွားကြီးရောင်းရင်းအမြတ်ရတယ်။ ကိုယ်တော် အခုမဖြစ်တော့ဘူး ဘယ်လိုလုပ်မလဲ၊ ထက်ရှုံးအောင်ဖိုင်ရုပ်နေပြီ



**အထင်သာစေကာ်ရှုံ ရင်းနှီးမြှုပ်နှံခြင်း**

အထင်သာစေကဲ့ရဲ့၊ မေးမြန်းတဲ့ကဲ့ရဲ့ လုပ်မယ်ဆိုရင် ဗက်ရို နဲ့ တက်တွေအတွက် ဒေါ်လာသယ်သန်း၊ ရင်းနှီးမတည်ငွေ ဒေါ်လာထပ်ထယ်သန်း၊ အားလုံးသန်းနှစ်ဆယ်လောက် ရင်းနှီးရမယ်၊ ဒီအရင်းအနှီးနဲ့ ဒီဘက်ရုံထောင်တော့ မယ်ကိုယ်တော်ကောင်းတဲ့ (Invester) တစ်ယောက်ပို့ပေးပါလို့ ဆုတောင်းတယ်၊ ဆုတောင်းတဲ့အခါ ဘုရားသခင်ဟာ တကယ်အံ့ဩဖွယ်အဖြေပေးခဲ့ပါတယ်၊ ဒီလိုနိုင် ငံမှာ အခြေချတဲ့ မွတ်ဆလင်ချစ်ကိုဘုရားသခင်ယုံ ရန်ကုန်စေလွှတ်ပေးပါတယ်။ မွတ်ဆလင်ဝိုင်တာ မွတ်ဆလင်နဲ့ ရန်ကုန်ရောက်လာတဲ့အခါ ကျွန်တော်လေဆိပ် မှာသွားကြိုတယ်၊ မွတ်ဆလင် ချစ်ကွာ လေဆိပ်မှာ ကျွန်တော့်ကို လက်ဆွဲနှုတ် ဆက်တာနဲ့ တစ်ပါထဲကျွန်တော်ခင်ဗျားကို မြင်တာနဲ့ ခင်ဗျားနဲ့ ကျွန်တော်လုပ်ငန်း အတူလုပ်မြဲတယ်၊ ကျွန်တော်က " မဟုတ်ပါဘူး - နည်းနည်းစောလွန်းပါသေးတယ် " ဆိုရာမှာဘဲ မဟုတ်ဘူး၊ ကျွန်တော်တို့ တွေ့တာပဲ ကျွန်တော်ယုံကြည်စိတ်ချဖြစ် လိုက်မယ်ဆိုတဲ့ ခင်ဗျား ဘာလုပ်ဖြစ်လဲ ဖက်စပ်လုပ်မယ်ဆိုရင် ကျွန်တော်ခင်ဗျားနဲ့ လုပ်မယ်၊ ဘုရားသခင် တန်ခိုးတော်မှာ ဘယ်လောက်အံ့ဩစရာကောင်းသလဲ ဆိုတော့ လူ့အနေနဲ့ ဝင်ခွင့် နိုင်ငံခြား (Invester) ရင်းနှီးမြှုပ်နှံသူ တစ်ယောက် ကို စေလွှတ်ပေးပြီး ရင်းကြရမယ်၊ အကျိုးတူလုပ်ပေးရမယ်၊ ဒီတော့ ဘုရားက တင်းတာနဲ့ဒီမှာ

**ဒီလူနိုင်ငံခြားရင်းနှီးမြှုပ်နှံသူ(Invester)ဟာ မှတ်ကိုမဟုတ်ဘူး** လေဆိပ် မှာ တွေ့ပြီး ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်တာနဲ့ တပြိုင်ထဲ သူကပြောတယ်၊ ကျွန်တော်ခင်ဗျားနဲ့ အလုပ်အတူလုပ်မယ်၊ ဒီတော့ကျွန်တော်ကလည်း မဟုတ်ပါ ဘူး၊ ကျွန်တော်အရည်အချင်းမရှိပါဘူး မဟုတ်ပါဘူး၊ ကျွန်တော်ကိုးကွယ်တဲ့ဘုရား သခင်ဟာ ခပ်သိမ်းသောအရာကို သိတော်မူတဲ့ဘုရား၊ တန်ခိုးကြီးတဲ့ဘုရားသခင်ရဲ့ ဝိညာဉ်တော်တန်ခိုးဟာ သူ့ကို တိုက်တွန်းလိုက်တဲ့အခါ သူမငြင်းဘူး၊ ကျွန်တော်နဲ့ လက်ဆွဲနှုတ်ဆက်တာနဲ့ သူဟာ ကျွန်တော်နဲ့အလုပ်လုပ်ချင်တယ်၊ ဒေါ်လာသန်း

ပေါင်းဘယ်လောက်ကုန်မှာလဲတဲ့။ ကျွန်တော်ပါဝင်ခဲ့ရတော့၊ ကျွန်တော့်ကို ရှင်းပြတယ်၊ အထပ်သားတက်ရှာစရာလုပ်ကြရအောင်၊ ဟား – ဒီ ဆိုရင်ဘုတ် ပြီတဲ့။ ကျွန်တော်ဆုံးဖြတ်လိုက်ပြီ။ စက်ကိုကျွန်တော်ပြန်သွားပြီး ဝယ်မယ်တဲ့၊ ဘာမှသဘောတူညီချက် (Agreement) မထိုးဘူး။ အဲဒီလိုပြောပြီးတော့ ဒီမှာ ၂၈ရက်– ၃ရက် နေပြီးတဲ့အခါ ဖိလစ်ပိုင်နိုင်ငံကို ပြန်ပြီးတော့ ရုက်ခြင်းအထပ်သား၊ စက်ရုံအတွက် စက်တွေဝယ်ပြီး ဟိုကနေပို့မယ်လုပ်တော့၊ ကျွန်တော်ကနေပါဦး။ ဒီမှာလျှော်လျှော်တော့ပဲသတ်ရသေးဘူး။ မပို့နဲ့ဦးလို့ အဲဒီလျှော်ကြီးမှာ မတင်ရ သေးဘူး။ မပို့ပါနဲ့ဦးလို့ ၊ အဲဒီလောက်အထိတာဝန်ကျေပါတယ်။

**သစ္စာရှိသောဘုရား**

ဒီကျွန်တော်တာဆိုလိုချင်တာလဲဆိုတော့ ဘုရားသခင်ဟာ အသက်ရှင်တော်မူတဲ့ဘုရား။ ကျွန်တော်တို့လုပ်ငန်းတစ်ခုခုလုပ်တဲ့အခါ မိမိအမှုအရာကို ထာဝရဘုရား၌အပ်လော့ သို့ပြုလျှင်ပြည့်စုံစေမယ်ဆိုတဲ့ဘုရားစကားတော်ကို ဘယ်တော့မှ မမေ့ကြနဲ့။ ပျက်ကွက်တာဝန်များကို ကျွန်တော်တို့ဘဲ၊ သစ္စာမရှိတာဝန်များကို၊ ကျွန်တော်တို့ဘဲဘုရားသခင်ကတော့အမြဲတမ်းသစ္စာရှိတယ်၊ အမြဲတမ်းကတိတည်တယ်။ အခုပြောခဲ့သလိုပဲ ဘုရားသခင်က သစ္စာရှိတယ်၊ ယခုဘဝ၊ နောင်ဘဝနဲ့ဆိုင်တဲ့ကတိတော်ကိုပေးတဲ့ဘုရား။ အဲဒီကတိတော်ကိုပေးတဲ့ဘုရားသခင်ကိုမှီ ကျွန်တော်တို့ အချိန်မနှောင်းသေးဘူး၊ ယခုပျက်ရှိနေတဲ့ညီအစ်ကို၊ မောင်နှမများထဲမှာ စီးပွားရေးလုပ်ငန်းရှင်လည်း ရှိမှာပဲ၊ အသက်အရွယ်ကြီးတဲ့လူလည်း ရှိမှာပဲ၊ အချိန်နောက်မကျသေးဘူး။ ယခုအချိန်ဟာ ထာဝရဘုရားသခင်ကောင်းကြီးပေးတဲ့အချိန်ပဲ။

**အိမ်ယာစီမံကိန်း**

မကြာသေးခင်ကဘဲ (၅၄)နှစ်ပြီး ကျွန်တော်တို့ စက်ရုံလုပ်တဲ့အခါ သူဟာ ပြောသလဲဆိုတော့ ကျွန်တော်တို့ကို နှစ်ပြန်ကျက်အစုမည်းဆုံးအနှစ် (၆၀) တောင်းပေးပါတဲ့။ သူ (၅၄)နှစ်ပြီးနောက် နှစ်ပြန်ကျက်အနှစ် (၆၀)တောင်းဆိုင်တယ်၊



ထာကယ့်ကိုစိတ်အားကြီးပါတယ်။ အဲဒီနှစ်ဘဲသူနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဖိလစ်ပိုင်နိုင်ငံကို ခဏခဏရောက်သွားတယ်၊ ဖိလစ်ပိုင်နိုင်ငံရောက်တဲ့အခါ သူလုပ်ထားတဲ့လုပ်ငန်းတွေအား တော်တော်ကို ကြိုက်ချယ်တယ်။ အဲဒီအထဲမှာ အိမ်ယာစီမံကိန်းတွေလုပ်ဖို့ ထာကယ်ဆင်မှတ်နိုင်တာပါပဲ။ သူ့များနိုင်ငံမှာ ဒီလောက်ထောင် တိုးတက်ဖွံ့ဖြိုးနေပြီး ကျွန်တော်တို့နိုင်ငံလည်း တိုးတက်ဖွံ့ဖြိုးအောင်လုပ်နိုင်ရမယ်လို့ ကျွန်တော်စိတ်ထဲမှာ ခံစားရတဲ့အခါမှာ ဘုရားသခင်ကိုဆုတောင်းတယ်၊

ကိုယ်တော် – ကျွန်တော်တို့နိုင်ငံတိုးတက်ဖွံ့ဖြိုးအောင် ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ရေကြီးတွေ ကောင်းကြီးပေးပါ၊ ကျွန်တော့်တို့လည်း ကောင်းကြီးပေးပါ။ ကျွန်တော်တို့ အိမ်ယာစီမံကိန်းလုပ်တဲ့အခါ ဘယ်လိုစောက်မလဲ ဘယ်လိုလုပ်ရမလဲ၊ လမ်းပြပေးပါလို့ ဘုရားသခင်ကို ဆုတောင်းတယ်။ ဆုတောင်းတဲ့အခါ ဘုရား တယ်ညီး ကောင်းကြီးပေးမှုကို လမ်းပြပါတယ်။ အိမ်ယာစီမံကိန်းတစ်ခုပြီးတခု၊ တခုပြီးတခု ကျွန်တော်ဆောင်ရွက်တာ၊ ဆောင်ရွက်သမျှ အိမ်ယာစီမံကိန်းတွေအားလုံး ဘုရားသခင်ကကောင်းကြီးပေးပါတယ်။ ကျွန်တော်တို့အိမ်ယာစီမံကိန်းမှာ အိမ်တွေရောင်းတော့မယ်ဆို ပြောလိုက်ရုံး နှစ်ပါတ်အတောအတွင်း အားလုံးကုန်သွားတယ်၊ ဒီတာဘယ်သူလုပ်ပေးလို့လဲ ဘုရား ပါဝင်လို့ ဘုရားရှင်လုပ်ပေးလို့ ဘုရားသခင်ကောင်းကြီးပေးလို့ဖြစ်ပါတယ်။

အဲဒါနဲ့ ၊ အဲဒီမတွေ့တာနှစ်ရဲ့ လုပ်ငန်းအတွေ့အကြုံမျှဝေပါလို့လုပ်တဲ့အခါ ကျွန်တော်ဖိလစ်ပိုင်နိုင်ငံကို ပြောပြခံသွားရပါတယ်၊ ရောက်တဲ့အခါ ကျွန်တော်ဘုရားကျောင်းတက်တယ်။ တနင်္ဂနွေတော့ ဘုရားကျောင်းရောက်တော့ ဝတ်ပြုအစည်းအဝေးမှာ သက်သေခံကြတယ်။ ကျွန်တော်လည်း တက်ပြီးတော့ သက်သေခံတာတဲ့။ ယေရှုခရစ်တော်ဟာ အသက်ရှင်တဲ့ ဘုရား ဖြစ်ကြောင်း၊ ကျွန်တော့်ကိုဘယ်လို၊ ဘယ်လိုကောင်းကြီးပေးတဲ့အကြောင်း။ ဒီနေ့အထိ တိုင်အောင် ဘယ်လောက်အထိ တန်ခိုးကြီးတဲ့အကြောင်းသက်သေခံတယ်။

**နိုင်ငံတော်နှင့် မြောင်းမတော်ကြီးကျော်ဘုရားရှင်ဇာ**

နောက်ကြတော့ ဗုဒ္ဓိလ်တစ်ယောက်လဲတက်ပြီ၊ သက်သေခံတယ်၊ သူတာသက်သေခံတဲ့အချိန်မှာ သူ့ရဲ့ အသက်တာကို ဘုရားသခင်ဟာ ဘယ်လို ကောင်းကြီးပေးလို့ တိုင်ဝမ်နိုင်ငံကနေ မိလေ်ရှိုင်နိုင်ငံရောက်လာတဲ့အကြောင်း။ မိလေ်ရှိုင်နိုင်ငံမှာ ဘယ်လောက်အထိ ချမ်းသာပြီးတော့ မိနေ့ တိုင်ဝမ်နိုင်ငံမှာ ဒုတိယအဆင့်ထိ ချမ်းသာတဲ့သူဖြစ်ကြောင်း သက်သေခံတယ်။ ကျွန်တော်ကြားရတော့ အံ့ဩသွားတာပဲ၊ အဲဒီဗုဒ္ဓိလ်ဟာ မိလောက်တောင် ချမ်းသာတယ်၊ ကျွန်တော်လည်း ဘုရားသခင် နာမတော်နဲ့ မြန်မာနိုင်ငံမှာ အိမ်ချမ်းသာဖြစ်တယ်၊ ဘာဘဲဖြစ်ဖြစ် ချမ်းသာတယ်ဆိုတာ ဒါကြောင့် မှတ်ပါ။ ဘုရားသခင်ဟာ အသက်ရှင်တဲ့ဘုရား။ ကြွယ်ဝတဲ့ဘုရား၊ ဂတိတည်တဲ့ဘုရားဖြစ်ကြောင်း ကျွန်တော်ရဲ့ အသက်တာအားဖြင့် သက်သေထူချင်ပါတယ်။ ယုံကြည်သူများအားဖြင့် ကျွန်တော်တို့ကို မြင်ခြင်းအားဖြင့် ကိုယ်တော်ကိုရှိခိုးကိုးကွယ်သဖြင့်၊ ယုံကြည်ခြင်းရှိမှုမရှိဘဲ ယုံကြည်သူများအားဖြင့် ကျွန်တော်တို့ လုပ်ငန်းများကို မြင်တဲ့အခါ ယေရှုခရစ်တော်ဟာ အသက်ရှင်တဲ့ဘုရားရှင်ဖြစ်ကြောင်း။ အဲဒီ ယုံကြည်လက်ခံဖို့ရန် ကျွန်တော်ကိုလည်း ချမ်းသာစေခဲ့ပါလို့ အဲဒီကာတည်းက အဲဒီဘုရားကျောင်းမှာ ကျွန်တော်ပြီး ဆုတောင်းတယ်။

အဲဒီဗုဒ္ဓိလ်ကို ကျွန်တော်တစ်ခါမှ မိလောက်ချမ်းသာတယ်ဆို တော့ ခင်ဗျားအလုပ်အကိုင်လည်း ဘယ်လိုချမ်းသာလာတာလဲ၊ နည်းနည်းလောက် မိတ်ဆက်ပြပါလို့ ကျွန်တော်မေးတော့ သူကကျွန်တော့်ကိုပြောပြတယ်။ တိုင်ဝမ်မှာသူ့နေတိုင်း ဘုရားကျောင်းတက်တယ်။ ခရစ်ယာန်လုပ်ငန်းမှာပါဝင်တယ်၊ သင်းအုပ်ဆရာတွေ ဓမ္မဆရာတွေလည်း ပေးကြပါတယ်။ ဘုရားသခင်ရဲ့ နိုင်ငံတော်နဲ့ ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာရှာ၊ ကျန်တဲ့အရာတွေ အကြောင်း စီးပွားရေးလုပ်ငန်းမှာ ပါဝင်တော့ ကောင်းကြီးပေးလာရတဲ့အကြောင်း၊ ကြားရတဲ့အခါ သူ့မိန့်မှတ်ချက် တိုင်ပင်တယ်။



ဒီတော့ ဆုတောင်းပြီးတဲ့နောက် ဘုရားသခင်ကတော့ ဒီလိုကို တခုခုပြောပေးတာလိုပဲ လမ်းပေါ်မှာတစ်ယောက်တလုံး သားသမီးတွေနဲ့ ဆက်ကပ်ဆုတောင်းတဲ့အခါ တနေ့ကြတော့ ဘုရားသခင် သူ့ကို ဘာကြောင့်ပြသလဲဆိုတော့ မိလေ်ရှိုင်နိုင်ငံကိုသွားပါ၊ အဲဒီလိုဘဲ ဘုရားသခင်က သူ့ကို မိလေ်ရှိုင်သွားခိုင်းတာ သူရှိုးတယ်။ မိလေ်ရှိုင်မှာ မိတ်ဆွေလည်းမရှိဘူး။ စီးပွားရေးလည်းမတောင်းဘူး။ ကျွန်တော်အဲဒီနေရာသွားရမှာဘယ်ဖြစ်မလဲ၊ ဒါပေမဲ့ နောက်ဆုံးတော့ ဘုရားသခင်ပြောတဲ့အတိုင်းဘဲ သူ့အမျိုးသမီးနဲ့အတူ ဆက်ကပ်ဆုတောင်းပြီးတော့ မိလေ်ရှိုင်နိုင်ငံကိုသွားတယ်။ ရောက်သွားတဲ့အခါ နေရာအနှံ့အပြားမှာအလုပ်လိုက်ရှာတယ်။ အဲဒီလိုအလုပ်လိုက်ရှာရင်း တစ်နေ့ကြတော့ မလေးရှားကမ်းခြေမှာ လမ်းလျှောက်တဲ့အခါ ဆန်းပင်တွေအများကြီးတွေ့ခဲ့တယ်။ မြင်တဲ့အခါ အဲဒီမှာ ဆန်းသီးရေ၊ သူမေးကြည့်လိုက်တဲ့အခါ တစ်လုံးကို (၂)ပြားဆို ရောင်းပေးရတယ်။ အကောင်းဆုံးဆိုတစ်လုံးကို (၃)ပြားဆိုတာလောက်အားဖြင့် အများကြီးယူရင်တော့ တစ်လုံးကို (၁)ပြားနဲ့ရောင်းရတယ်။

အဲဒီဆန်းသီးတွေကို ချမ်းဆိုတဲ့အခါမှာ - ကိုယ်တော်ရဲ့ကျေးဇူးတော်ကိုချီးမွမ်းပါတယ်၊ ကိုယ်တော်ကျွန်တော့်ကို မိုးကိုမှောင်တာ ဒီဆန်းသီးအားဖြင့် ကျွန်တော်ချမ်းသာမှာပဲလို့ ကျွန်တော်ယုံကြည်ပါတယ်။ မိလေ်ရှိုင်နိုင်ငံမှာဆန်းသီးပင်အများကြီးတွေ့ပါတယ်၊ သူကဘုရားသခင် သူ့ကို ပြောတဲ့အတိုင်း အဲဒီလိုဘဲ ကျေးဇူးတော်ချီးမွမ်းပြီး ဆုတောင်းတယ်။ ပြီးတော့ ဆက်လက်ပြီး လျှောက်လာတဲ့အခါ ဂျပန်အုပ်စု နဲ့ တွေ့ခဲ့တယ်။

ဂျပန်အုပ်စုနဲ့တွေ့တဲ့အခါ မိတ်ဆွေတယ်။ ဘယ်ကလာလဲ၊ ဘာညာနဲ့ ခင်ဗျားကယုံကြည်သူလား၊ ဂျပန်အုပ်စုကလည်း ကျွန်တော်တို့လည်း ယုံကြည်သူတဲ့ဆိုပြီးတော့ မိတ်ဆွေဖွဲ့လိုက်ကြတဲ့အခါ တစ်ယောက်နဲ့တစ်ယောက်သိသွားကြတယ်။ သိသွားတဲ့အခါ စကားပြောကြရင်းနဲ့ ဂျပန်အုပ်စုကလူတွေက ခင်ဗျားဒီမှာ ဘာအလုပ်လုပ်လဲဆိုတော့ ကျွန်တော်အလုပ်ရှာနေတယ်လို့ပြောတော့ ဒါပေမဲ့ ဂျပန်အုပ်စု

က ကျွန်တော်တို့ကတော့ ဖိလစ်ပိုင်နိုင်ငံသားဟာ စီးပွားလာရှာတာ၊ ဆိုန်ရေကို ဂျပန်နိုင်ငံတင်ပို့ရန်အတွက် ကျွန်တော်တို့ဟာ - ခင်ဗျားစိတ်ဝင်စားလား။ စိတ်ဝင်စားရင်ဝင်ဗျားလုပ်ပါလားဆိုတော့၊ " ကျွန်တော့်မှာ အရင်းအနှီးမရှိပါဘူး၊ ဒီမှာ လုပ်ကိုင်စားလာရှာတာပါ" လို့ပြောတော့ ဂျပန်တွေက မှုန့်။ ကျွန်တော်တို့အရင်းအနှီးထုတ်ပေးမယ်၊ ခင်ဗျားကိုယ်တိုင်ပဲဆိုတော့ ဆိုန်ရေကို အကုန်လုံးယူ၊ သင်္ဘောနဲ့ အပိုင်ဆိုက် ဂျပန်နိုင်ငံကိုပို့။

ဘုရားသခင်ရဲ့ကျေးဇူးတော်၊ ဘုရားသခင်ရဲ့ကြီးမားသောဉာဏ်တော် ဘုရားသခင်စီစဉ်ပေးတဲ့အခါမှာ ဘယ်လောက်ထိ အံ့ဩစရာကောင်းသလဲဆိုတော့ ဘာမှမရှိတဲ့ လူတစ်ယောက်ဖိလစ်ပိုင်နိုင်ငံရောက်တဲ့အခါမှာ အဲဒီဆိုန်ရေကို ဂျပန်ပို့ရင်းနဲ့ ဒီနေ့သန်းကြွယ်၊ ကုဋေကြွယ်၊ ဘီလျံနာအထိ ချမ်းသာလာပြီး လေယာဉ် (၇)စီး အပိုင်ရှိတယ်။ အဲဒီအချိန်မှာ ကျွန်တော့်နှလုံးသားထဲမှာ ကြေး - နိုင်ငံ ဒီလောက်တောင်ချမ်းသာတဲ့ ဆုတောင်းတာ ဒီလောက်တောင်မှ မိသားစုရှိနေတဲ့ တစ်တဲ့အခါ လေယာဉ်တောင်ရှိတယ်၊ ကျွန်တော်လည်း မြန်မာနိုင်ငံမှာ ဆုတောင်းပြီး တနေ့ကျရင် လေယာဉ်ကိုပိုင်ရမယ်လို့ ကျွန်တော်ဆုတောင်းတယ်။

**ရန်ကုန်အဲယားဝေး(စ)**

ဆုတောင်းပြီး လွန်ခဲ့တဲ့ တစ်နှစ်ကျော်ဝန်းက ကျွန်တော်ကြိုးစားကြည့်တယ်၊ ဒါပေမဲ့အဆင်မပြေနဘူး၊ တော်တော်ကြိုးစားပါတယ်၊ လေယာဉ်ဝယ်ဖို့ရယ်၊ မြန်မာနိုင်ငံမှာ လေကြောင်းပျံသန်းဖို့ အစီအစဉ်ရယ် တော်တော်ကြိုးစားခဲ့တယ်၊ ဘုရားသခင်ကစောင့်ခိုင်း၊ အချိန်မတန်သေးဘူး။ ယခုအချိန်မှာ မင်းလုပ်ရင်တော့ အောင်မြင်မှာမဟုတ်ဘူး။ စောင့်၊ ကျွန်တော်ကလည်း သည်းခံပြီးတော့ စောင့်ပါတယ်။ ဆက်လက်ဆုတောင်းတယ်၊ မွေ့လျော်ဘူး။ ဆုတောင်းတယ်၊ အခါနဲ့ ဘုရားသခင် ကျေးဇူးတော်ကြောင့် ရုတ်တရက်မှာ ကျွန်တော်တို့နိုင်ငံ အသစ်ယ် ဝင်လိုက်တဲ့အခါ နိုင်ငံတကာဟာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စီးပွားရေးရင်းနှီးမြှုပ်နှံဖို့ ဝင်ရောက်လာကြပါတယ်။ ဖြစ်ရပ်စဉ် (၁)ရက်နေ့ကပြီ ကျွန်တော်



YANGON လေကြောင်းကိုဝင်ပြီးလုပ်ဆောင်ခွင့်ရခဲ့တယ်၊ ဘုရားသခင် မြင်ဆင်ပေးတာ ဘယ်လောက်အံ့ဩစရာကောင်းသလဲ၊ လွန်ခဲ့တဲ့နှစ်မှာ မလုပ်ပါနဲ့အုံး၊ စောင့်သေးတယ်၊ ယခုအချိန်မှာ အခွင့်ကျတဲ့၊ ကျွန်တော်တို့ လေကြောင်း ရခဲ့တယ်၊

ရန်ကုန်အဲယား - မန္တလေး ၊ ပုဂံ ၊ ညောင်ဦး ၊ မြစ်ကြီးနား။ ဟဲဟိုး ကော့သောင်း၊ မြိတ်၊ ထားဝယ်၊ တာချီလိတ်၊ သံတွဲ လိုင်းများကိုပြေးဆွဲနေပါတယ်၊ ယခုယခင် ရင်းနှီးမြှုပ်နှံသူ ( Invester ) လုပ်တဲ့ကဆိုရင် တစ်လမှာ ဒေါ်လာသုံးသိန်းလောက်ရှုံးတယ်၊ တစ်နှစ်မှာ ဒေါ်လာသုံးသန်းလောက်ရှုံးတယ်၊ လူတွေက ကျွန်တော့်ကိုရယ်ကြတယ်၊ လောကဝင်းဆိုတဲ့လူက ဦးနှောက်မရှိဘူး။ ဒီလေကြောင်းလုပ်ငန်းလုပ်နေတာ တစ်နှစ်လုံးသုံးသန်းလောက် ရှုံးနေတာ၊ သူကဘာလုပ်ချင်တယ်၊ ဒါပေမဲ့ ကျွန်တော်သူတို့ကို ပြောပြတယ်၊ ခင်ဗျားတို့မမြင်နိုင်တဲ့ ဘုရားသခင် ကျွန်တော်နဲ့အတူ ရှိနေတယ်၊ ဘုရားသခင်ကျွန်တော်ကိုလုပ်ခိုင်းလို့ကျွန်တော်ဆောင်ရွက်မှုတဲ့ ဒီလယာ ကျွန်တော် ပထမဆုံးယူလိုက်တဲ့လေယာဉ်၊ ဒေါ်လာ သိန်းပေါင်းများစွာလောက်ဝင်ငွေ ရှိတယ်၊ အခုကာနည်းနည်းကလေးအမြတ်ထွက်လာတယ်။

ဒီနေ့ ကျွန်တော်အဲဒါတွေကိုဘာလို့ ပြောနေသလဲဆိုတော့ ဒီအသက်တာမှာ ငါကြားခြင်းလို့လား၊ မဟုတ်ပါဘူး၊ ကျွန်တော်လုပ်နိုင်လို့လား၊ မလုပ်နိုင်ပါဘူး၊ ကျွန်တော် အလကားလူပါ၊ ကျွန်တော်အသုံးမကျပါဘူး၊ ကျွန်တော့်မှာ အရည်အချင်းမရှိပါဘူး၊ ကျွန်တော့်မှာ ကြီးမြင့်တဲ့ ဦးနှောက်မရှိပါဘူး၊ ဒါပေမဲ့ ကျွန်တော်ကိုးကွယ်တဲ့ ယေရှုခရစ်တော်ဘုရားဟာ အရာခပ်သိမ်းကို တတ်နိုင်ရှင်တဲ့ဘုရား၊ ကျွန်တော်လုပ်သမျှလုပ်ငန်းဆောင်တာမှန်သမျှဘုရားသခင် ကို အပ်နှံတယ်၊ ဘုရားသခင်လုပ် ဆို ကျွန်တော်လုပ်တယ်၊ အဲဒါကြောင့် လုပ်ငန်းမှန်သမျှ အောင်မြင်တယ်၊

ဒီနေ့ ကျွန်တော်ဆောင်ရွက်နေတဲ့ ဝက်ရုံလုပ်ငန်း၊ ဟိုင်းယားဆီလုပ်ငန်း

လုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ လေကြောင်းနှင့်သင်္ဘောရေးလုပ်ငန်း၊ အခြားအခြားသော စီးပွားရေးလုပ်ငန်း၊ နိုင်ငံခြားမှာ ရင်းနှီးမြှုပ်နှံထားတဲ့လုပ်ငန်း အစရှိရင် မလေးရှား၊ ဂျပန်၊ စင်္ကာပူ၊ ဖိလစ်ပိုင်နိုင်ငံအားလုံး – မှာလုပ်ထားတယ်။ သူတို့ဟာ ယုံကြည်မှုအပြည့်အဝနဲ့ ကျွန်တော့်ကိုအပ်နှံထားတယ်။ ဝင်ရောက်ရှုပ်ပြီးတော့မှ ကိုယ်တိုင်လာလုပ်တဲ့လုပ်ငန်းဆိုတာမရှိဘူး။ ဒါကြောင့်ကျွန်တော်တာဝန်ဖြစ်လို့ ပေါ့ဖြစ်သလိုဆိုတော့ ကျွန်တော့်အနေနဲ့စည်းကမ်းမရှိသော်ငြားလည်း ဘုရားသခင်ကိုယ်တိုင် ဦးစီးပြီးတော့၊ ကျွန်တော်က တာဝန်ယူအဖြစ်သာ ပါဝင်ရသွားတဲ့အခါ လုပ်ငန်းအားလုံးအောင်မြင်တယ်ဆိုတာတွေ့ရတယ်။ ဒါဟာဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့်သာဖြစ်ပါတယ်။

ဒါကြောင့် ချစ်သော ဘဝတူညီအစ်ကိုမောင်နှမများ အနေနဲ့ ဝန်ထမ်းတွေလည်းရှိမှာပဲ၊ စီးပွားရေးလုပ်ငန်းရှင်လည်းရှိမှာပဲ၊ ရှေ့မြို့ ရေးလုပ်ငန်းရှင်လည်းရှိမှာပဲ၊ လယ်ယာလုပ်တဲ့လုပ်ငန်းရှင်တွေလည်း ရှိမှာပဲ၊ ကော်ဖီလုပ်တဲ့ စက်ရုံပိုင်ရှင်တွေလည်းရှိမှာပဲ၊ မိမိလုပ်ဆောင်နေတဲ့ စီးပွားရေးလုပ်ငန်း၊ အလုပ်ကိုင်မှုသက်သေ သမ္မာကျမ်းစာထဲမှာပါတဲ့အတိုင်း မိမိအမှုအရာကို ထာဝရဘုရားနှင့် အပ်လော့၊ ထိုသူ၌ ခိုလှုံလျှင် စီရင်တော်မူလိမ့်မည်။ အပ်လိုက်ပါ၊ အပ်လိုက်ရင် ဘုရားသခင်ဟာသူ့နာမ်အတိုင်း သင့်ကိုကောင်းကြီးပေးမှာဖြစ်ပါတယ်။ ကိုယ်တော်ကိုယ်နှိုက်ထိုးပေးပါလို့၊ ကျွန်တော့်ရဲ့ဝန်ထမ်းတွေကိုကျွန်တော်အမြဲပြောပါတယ်။

**ငြိမ်းသက်ခြင်းရှိ**

တော်တော်များများ စိတ်ဆွေတွေက ကျွန်တော့်ကိုမေးကြပါတယ်။ လုပ်ငန်းစီးတော်တော်များနေတာ နိုင်ငံခြားမှာရော၊ ပြည်တွင်းမှာရော စီးပွားလုပ်ငန်း ရှုပ်ရှုပ်ထွေးထွေးနဲ့ ဝင်ရောက်ဆောင်ရွက်တယ်လို့သူသိလဲ၊ ကျွန်တော်စိတ်မအေး လို့ကောင်းတယ်။ (၉)နာရီခွဲအိပ်ပြီးနိုးကြတယ်။ ဆုတောင်းပြီး အိပ်ယာ့သွားတာပဲ၊ နောက်နေ့က (၅)နာရီခွဲနိုးတယ်။ ဘယ်တော့မှ လုပ်ငန်းတွေနဲ့ပတ်သက်ပြီး အိပ်မပျော်တာတို့၊ စားမဝင်တာတို့၊ စိတ်ပူတာတို့ မရှိခဲ့ပါဘူး။ ခင်ဗျားတို့



ကျွန်တော်တို့ရဲ့ အမှုအရာကို ဘုရားသခင်နဲ့အပ်ပါ၊ အင်မတန်ပေါ့ပါးတယ်။ နှလုံးသားကြီးဟာ အင်မတန်ပျော်ရွှင်နေကောင်းပါတယ်။

မခြားမလပ်ဆုတောင်းပါ၊

ဘုရားသခင်ဟာ ကောင်းကင်မှာရှိတဲ့ဘုန်းစည်းစိမ်နဲ့ကျွေ ယေရှုခရစ်တော်အားဖြင့် ခင်ဗျားတို့၊ ကျွန်တော်တို့ကို ပေးမှာပဲ၊ ဒါပေမဲ့ရှိတာကတော့ ခင်ဗျားတို့၊ ကျွန်တော်တို့ဟာ သူ့ရဲ့ကတိတော်အတိုင်းမခြားမလပ် ဆုတောင်းဖို့ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ခရစ်ယာန်ညီအစ်ကိုမောင်နှမများ အနေနဲ့ စုံစမ်းနှောက်ယှက်ခြင်းနှင့် ကင်းလွတ်မည့်အကြောင်း မခြားမလပ်ဆုတောင်းဖို့တော့လိုတယ်။ ဒီနေ့ ကျွန်တော်တို့ ခရစ်ယာန်တွေဟာ ကောင်းကြီးမခံစားရတာ စုံစမ်းနှောက်ယှက်ခြင်းကို ရောင်ဆိုင်နိုင်တာတွေ မခြားမလပ်ဆုမတောင်းလို့ ပဲ ဖြစ်ပါတယ်။ သမ္မာကျမ်းစာထဲမှာပါတာဘဲ၊ စုံစမ်းနှောက်ယှက်ခြင်းနှင့် ကင်းလွတ်မည့်အကြောင်း ဆုတောင်းရမယ်။ သမ္မာကျမ်းစာထဲမှာ ပေါ်ပြထားတဲ့အတိုင်း ခင်ဗျားတို့၊ ကျွန်တော်တို့ လိုက်လျှောက်မယ်ဆိုရင်မအောင်မြင်စရာအကြောင်း မရှိပါဘူး၊ ရှုံးသာစရာအကြောင်းလဲမရှိပါဘူး။ သမ္မာကျမ်းစာကို အစအဆုံး ရအောင်ဖတ်ဖို့ ကျွန်တော်ဖတ်ပြီးပြီ။ ခရစ်ယာန်ဖြစ်ရင် တသက်လုံး ထမင်းစားရမယ် လို့ ကျွန်တော်သမ္မာကျမ်းစာမှာမတွေ့ပါဘူး။ ဒါပေမဲ့ ထမင်းမငတ်စေရဘူး၊ ချမ်းသာ ခြင်းအလုံးစုံတော့ပေးမှာတဲ့လို့ သူ့ကတိကျမ်းစာမှာပါတယ်။ ခရစ်ယာန်ဖြစ်ရင် ခင်ဗျားရဲ့ မုန်းကာတင်ခြောင်းခြောင်းနဲ့ လွှမ်းမိုးတာ ကြာလေတာလိုလွှမ်းပြီးနေရတာဟာ ပေဘာင်းထားရမယ်လို့ မတော်ပြထားပါဘူး။

**အပ်နှံပါ**

ဘုရားသခင်ဟာ တန်ခိုးကြီးတော်မူတဲ့ဘုရားဖြစ်ပါတယ်။ ဒါကြောင့်ဒီနေ့ ပေးတာမှာနေတဲ့အခါ ခင်ဗျားတို့၊ ကျွန်တော်တို့ စီးပွားရေးလုပ်ငန်းတွေဆောင် ရွက်နေတဲ့အခါ၊ စက်မှုလုပ်ငန်းဆောင်ရွက်တဲ့အခါ၊ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်တဲ့အခါ ဘုရားသခင်ကို အပ်နှံပါ။ ဘုရားသခင်အတူပါနိုင် အောင်

မြင်ရတာအကြောင်းမရှိပါဘူး။ ကျွန်တော်ပုံရှာသေအသင်ကိုပြောတယ်။ " ကိုယ်တော်
- ကျွန်တော်သက်သေခံတဲ့အခါ ဟိုနိုင်ငံက ဘယ်မှရှိလိမ့်မည်အသတယ်။ ဒီနိုင်ငံ
ကဘယ်လိုရှိလိမ့်မယ်ဆိုတာကို ကျွန်တော်အဲဒီလိုသက်သေမခံနိုင်ဘူး။ ကိုယ်တော်
- - ကိုယ်တော်ဟာ အသက်ရှင်တဲ့ဘုရား။ ကျွန်တော့ကိုလည်း ချမ်းသာရသော
အခွင့်ကိုပေးပါ။ "

ကျွန်တော်တို့ မြန်မာနိုင်ငံမှာနေတဲ့သူကို ချမ်းသာသောအသင်းမြှုလုပ်
ပေးနိုင်ရင်တော့ ကိုယ်တော်ဟာ ဘယ်လိုလုပ်အသက်ရှင်တဲ့ဘုရားဖြစ်မှာလဲ၊
ဘယ်လိုလုပ်တရားမှာလဲ၊ နိုင်ငံခြားကလူတွေကိုတော့ ချမ်းသာခွင့်မပေးဘဲ ကျွန်တော်
တို့ မြန်မာနိုင်ငံကလူတွေကိုတော့ ချမ်းသာခွင့်မပေးဘူး။ ကျွန်တော်တို့ ချင်းတောင်
ကလူတွေကိုတော့ ချမ်းသာခွင့်မပေးဘူး။ ကျွန်တော်တို့ ဒီလူမျိုးကိုမချမ်းသာနိုင်
ဘူး။ မဟုတ်ပါဘူး။ ဗမာလူမျိုးဖြစ်ဖြစ်၊ ချင်းလူမျိုးဖြစ်ဖြစ်၊ မည်သည့်လူမျိုးမဆို
ဒီအသက်ရှင်တော်မူတဲ့ ဘုရားသခင်ကို ကိုးကွယ်ရင်တော့ တန်းတူညီတူခံစား
ခွင့်ရမှာဖြစ်ပါတယ်။ ဒီအမြဲအရေးကြီးတာကတော့ သမ္မာကျမ်းစာထဲမှာ ဖော်ပြထား
တဲ့ ဘုရားသခင်ရဲ့ စကားအတိုင်း ယုံကြည်ခြင်း အပြည့်နဲ့ လက်တွေ့ဘဝကျင့်
နာခံလိုက်လျှောက်ကြဖို့ဖြစ်ပါတယ်။

အဲဒီလိုအသက်ရှင်သွားမယ်ဆိုရင်တော့ ဒီလောကမှာ ကျွန်တော်တို့
အသက်ရှင်တာဟာ အဓိပ္ပာယ်မဲ့ရေပေါ်မှာ အလကားအသက်တာရှိ၊ စိတ်ချမ်းသာ
ခြင်း၊ ဝမ်းမြောက်ခြင်းနဲ့ ငြိမ်သက်ခြင်းကြွယ်ဝခြင်း ကိုခံစားရမှာဖြစ်ပါတယ်။ နောင်
မြင် နောင်တမလွန်ဘဝကျရင်လည်း ကောင်းကင်နိုင်ငံမှာ ဘုရားသခင်နဲ့ အတူ
ထိုးစံရမှာဖြစ်တဲ့အကြောင်း သက်သေခံဝေပါတယ်။ ဝက်ရှုံးဘဝ အိပ်မက်အောင်
ဝိညာဉ်လိုနေးဝိုးကောင်းကြီး ဘုရားသခင်ရဲ့ ဘုန်းတော်မြတ်မှာ တိုးချဲ့ပါစေ
ဖို့ပါစေသော အာမင် ။"



- ဘုရားသခင်နှင့် အကျွမ်းဝင်၍ ငြိမ်သက်ခြင်းရှိလော့
ထိုသို့ပြုမှ ကောင်းကျိုးသို့ ရောက်ရလိမ့်မည်။
နှုတ်တော်ထွက်တရားကို ခံယူ၍ စကားတော်ကို
နှလုံး၌သွင်းထားလော့။

ယောဘ ၂၂ း ၂၁ - ၂၂ ။

တရားသော တရားကို စောင့်ရှောက်၍ လမ်းတော်သို့
လိုက်သွားသောသူတို့သည် မင်္ဂလာရှိကြ၏။
ထိုသို့ပြုမူကျင့်သော်သူသည် မိမိလက်နှင့် လုပ်ဆောင်၍ရသော
အသက်ကို စားရလိမ့်မည်။ မင်္ဂလာရှိ၍ ကောင်းစားရလိမ့်မည်။

ဆာလံ ၁၂၈ း ၁ - ၂

- မတရားသောသူတို့၏ တိုက်တွန်းခြင်းသို့မလိုက်၊
လူဆိုးတို့၏ လမ်းတွင်မရပ်မနေ၊ မထီမဲ့မြင်ပြုသော
သူတို့၏ အစည်းအဝေး၌မထိုင်၊ ထာဝရဘုရား၏
တရားတော်၌ မွေ့လျော်၍၊ တရားတော်ကို နေ့ညဉ့်မပြတ်
ဆင်ခြင်အောက်မေ့သောသူသည် မင်္ဂလာရှိ၏၊
အကြောင်းမူကား၊ ထိုသူသည် မြစ်နားမှာစိုက်လျက်
မိမိအချိန်တန်မှ အသီးကိုသီး၍ အရွက်မညှိုးနွမ်းတတ်သော
အပင်နှင့်တူ၏။ ပြုလေသမျှတို့၌ အောင်လိမ့်မည်။

ဆာလံ ၁ း ၁ - ၃ ။

ချစ်သော မိတ်ဆွေ — — ယခုသင်ဖတ်ရှုလိုက်ရသော ဦးကျော်ဝင်း၏ သက်သေခံချက်များကို အခြားသူများကိုလည်း ပြောပြပါ။ သင့်အသက်တာကိုလည်း ဦးကျော်ဝင်းကဲ့သို့ ဘုရားသခင်ရဲ့ စကားအတိုင်း ယုံကြည်ခြင်းအပြည့်နဲ့ လက်တွေ့ နာခံလိုက်လျှောက်ပါ၊ ဘုရားသခင်ကို အားကိုးပြီး စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ပါ။ သင်လည်း ခန္ဓာ၊ စိတ်၊ ဝိညာဉ်အလွှာကြီး ပွားချမ်းသာသော လူတယောက်ဖြစ်လာမှာသေချာပါတယ်။ ဦးကျော်ဝင်းကဲ့သို့ သင်လည်း ဘုရားသခင်၏အမှုတော်မြတ်၌ ထိရောက်စွာထမ်းပါ။

ဤသက်သေခံချက်များစာစောင်ကို အခမဲ့တောင်းခံနိုင်ပါသည်။

**တောင်းခံရန်လိပ်စာ —**

**ဆရာဒွေးလွှင်**
**အမှတ် ( ၁၅၃ ) ကျွန်းတော ( ၉ )လမ်း**
**တွံတေးမြို့**
**ရန်ကုန်တိုင်း ။**
**ဖုန်း — ၀၄၅ — ၅၀၄၃၁ ။**

စာမူခွင့်ပြုချက်အမှတ် (၂၇၁/၉၉) (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၂၂၅/၉၉) (၅)
ထုတ်ဝေသူ - ဦးမြသိန်း၊ ၄၅ သမာဓိလမ်း မရမ်းကုန်း၊ ရန်ကုန်မြို့။
အုပ်ရေ - ၁၀၀၀၀ - ပထမအကြိမ် ၁၉၉၉ ဒီဇင်ဘာ
အဖုံး/စာသား ပုံနှိပ် - ဦးဝင်းလှိုင် "ဆည်းဆာ" ပုံနှိပ်တိုက်၊
၂၀၇၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။

**(ဓမ္မဒါန)**